ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

(၄၂)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်**

**( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၄ ရက် )**

**[အင်္ဂါနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ (၄၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၀.၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ (၄၂)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီအစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့ ၄-၁၀-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း

မရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမင်းဦး က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ဇနီးဖြစ်သူမီးဖွား။ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်၌ နိုင်ငံရေး နှီးနှောဖလှယ်ပွဲ တက်ရောက်။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ဂုဏ်အတိုင်း။ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကျန်းမာရေးတို့နှင့် ဦးဝင်းဇော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ဒေသဖွံ့ဖြိုးရေးတို့ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၁၅)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ (၆)ဦးဖြစ်တဲ့အတွက် စုစုပေါင်းခွင့်ပန်ကြားသူ (၂၁)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်း နှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၆)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြု ပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၅)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၁)ဦးဖြစ်ပြီး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ် (၅)ဦး မေးမြန်းတဲ့ မေးခွန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ အမှတ်(၇)တိုက်နယ်၊ ရတနအုပ်စုနှင့် ခြုံဆွယ်အုပ်စုတွင်ရှိသော ကျိုးပေါက်နေသည့် တာတမံများကို ဆားငန်ရေမဝင်နိုင်အောင် ပြည်ထောင်စုဘတ်ဂျက်ငွေဖြင့် သင်းဂနက်ကျွန်တောင်နှင့် လကွက်တောင်တို့ကို သွယ်တန်း၍ ဆည်ဖို့ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်သန်း က ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ အမှတ်(၇) တိုက်နယ်၊ ရတနအုပ်စုနှင့် ခြုံဆွယ်အုပ်စုတွင်ရှိသော ကျိုးပေါက်နေသည့် တာတမံများကို ဆားငန်ရေ မဝင်နိုင်အောင် ပြည်ထောင်စုဘတ်ဂျက်ငွေဖြင့် သင်းဂနက်ကျွန်တောင်နှင့် လကွက်တောင်တို့ကို သွယ်တန်း၍ ဆည်ဖို့ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်သန်း ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော် မေးမြန်းသွားမယ့် မေးခွန်း

ကတော့ ရတနအုပ်စုနှင့် ခြုံဆွယ်အုပ်စုရှိ ကျိုးပေါက်နေသော တာတမံများကို ပြည်ထောင်စု ဘတ်ဂျက်ငွေဖြင့် ဆည်ဖို့ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်ပြီး မေးမြန်းသွားဖို့ ဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရတနအုပ်စုနှင့် ခြုံဆွယ်အုပ်စုတို့တွင် ကျေးရွာပေါင်း (၆)ရွာ ရှိပါတယ်။ နှစ်ပေါင်း(၃၀)ကျော် လုပ်ကိုင်လာခဲ့သော တာတမံများမှာ ၂၀၁၀ ခုနှစ်၊ ဂီရိမုန်တိုင်းတွင် ကျိုးပေါက်ပျက်စီးခဲ့ရပါတယ်။ ဆင်းရဲနွမ်းပါးသော လယ်သမားများအနေဖြင့် တာတမံများကို ဆည်ဖို့ရန် ငွေကြေးမတတ်နိုင်ခြင်း၊ လူအားဖြင့် ဆည်ဖို့၍ မရနိုင်ခြင်း စသည့်အခက်အခဲများစွာနှင့် ရင်ဆိုင်ကြုံတွေ့ရသည်မှာ အမှန်ပင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်သမားများ၏ဘဝ တိုးတက်ဖွံ့ဖြိုးစေရန်နှင့် ထိုဒေသရှိ ထောင်ပေါင်းများစွာသော ပြည်သူများ အသက်ရှင် ရပ်တည်နိုင်ဖို့အတွက်ဆိုရင် ကျိုးပေါက်နေသော တာတမံများအား စက်ယန္တရားများကိုအသုံးပြုပြီး မဖြစ်မနေဆည်ဖို့ပေးရန် လိုအပ်နေပါတယ်။ လယ်သမား များအနေဖြင့်လည်း သက်ဆိုင်ရာ ပြည်နယ်အစိုးရမှတစ်ဆင့် ပြည်ထောင်စုအစိုးရအထိ တင်ပြတောင်းဆိုခဲ့ပြီး ဖြစ်ပါတယ်။ ယခုအခါ အုပ်စုနှစ်ခုရှိ လယ်သမား(၆၀)ဦးခန့်တို့သည် မိုင်ပေါင်း(၇၀)ကျော် ဝေးကွာသော တောင်ကုတ်မြို့နယ်ရှိ တာတမံများကို ငှားရမ်းပြီး လုပ်ကိုင်နေကြရပါတယ်။ ကျိုးပေါက်နေသာ တာတမံများကို တစ်လုံးချင်း မဆည်ဘဲ သင်းဂနက်ကျွန်တောင်မှ လကွက်တောင်ထိမျှားတိန်ချောင်းကို ဖြတ်ဆည်မယ်ဆိုပါက ငွေအကုန်အကျသက်သာပြီး စပါးစိုက်ဧက(၁၇၀၀)ကျော်ရရှိလာမှာ ဖြစ်ပါတယ်။ ဒါ့အပြင် လယ်လုပ်သူ(၅၀၀၀)ကျော်အတွက်လည်း စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်လာမှာ အမှန်ပင်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ အုပ်စုနှစ်ခုရှိ လယ်သမားများ လယ်လုပ်နိုင်ရန် သင်းဂနက်ကျွန်တောင်နှင့် လကွက်တောင်တို့ကို သွယ်တန်း၍ ပြည်ထောင်စုဘတ်ဂျက်ငွေဖြင့် ဆည်ဖို့ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာခုနှစ်တွင် ဆည်ဖို့ပေးမည်ကို သိရှိလိုပါကြောင်း မဲဆန္ဒရှင်များ၏ကိုယ်စား လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ မြောက်ဘက်ခြမ်းတွင် တည်ရှိသော ဝေက်စွယ်ကျွန်းကို ရေငန်တား တာတမံ အသစ်တစ်ခု ဆည်ဖို့ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင် က ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ မြောက်ဘက်ခြမ်းတွင်တည်ရှိသော ဝေက်စွယ်ကျွန်းကို ရေငန်တား တာတမံအသစ်တစ်ခု ဆည်ဖို့ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးတက်ထွန်းအောင် ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လယ်ယာစိုက်ပျိုးရေးဝန်ကြီး၊ ကြွရောက်လာကြသော အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ပဲ နှုတ်ခွန်းဆက်ပါတယ်။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)က ပြည်နယ်

လွှတ်တော်ကိုယ်စားလှယ် ဦးတက်ထွန်းအောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းက စိုက်ပျိုးရေးနှင့်ပတ်သက်တဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်ဟာ မိုးရေချိန်လက်မ (၂၀၀)ကျော်လောက် ရွာသွန်းတဲ့ ရခိုင်ပြည်နယ်ဒေသ ဖြစ်ပါတယ်။ သို့သော်လည်း ရခိုင်ပြည်နယ် မှာရှိနေတဲ့ တောင်သူလယ်သမားများဟာ ရေချို့ရရှိရန် အလွန်ခက်ခဲလှပါတယ်။ ဒါကြောင့် မဖြစ်မနေ လိုအပ်တဲ့ကိစ္စရပ်များကို ကျွန်တော်တို့ ပြည်သူများ၏တင်ပြချက်အရ မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ မြောက်ဘက်ခြမ်းတွင် တည်ရှိသော ဝေက်စွယ်ကျွန်းအား ရေငန်တား တာတမံအသစ်တစ်ခု ဆည်ဖို့ပေးရန် ပြည်ထောင်စုအစိုးရကို အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းကို ကျွန်တော် မေးသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပေါက်တောမြို့နယ်ဟာ ကျွန်းကြီး၊ ကျွန်းငယ်များဖြင့် ဖွဲ့စည်းဝိုင်းရံလျက်ရှိပြီး၊ ယခု တင်ပြသော ဝေက်စွယ်ကျွန်းသည် ပြားကျွန်းဟု ခေါ်ဆိုသော အနက်မှ ကျွန်းတစ်ကျွန်း ဖြစ်ပါတယ်။ ၎င်းကျွန်းပေါ်တွင် ဝေက်စွယ်ကျေးရွာ၊ လှခိုင်ရာကျေးရွာ၊ ပြိန်ချောင်းကျေးရွာ၊ မင်းဖောက်ကျေးရွာ၊ ဇေယဝတီကျေးရွာများ တည်ရှိပါတယ်။ ယခင်က ဝေက်စွယ်ကျွန်းကို ဗမာပြည်ကွန်မြူနစ်ပါတီမှ ဦးဆောင်ပြီး လူထုလုပ်အားဖြင့် ရေငန်တား တာတမံတစ်ခုကို ဆည်ဖို့ခဲ့ဖူးတယ်ဆိုတာကိုလည်း သိရပါတယ်။ ထိုသို့ ဆည်ဖို့ပြီးနောက်ပိုင်းတွင် တာတမံများအတွင်းရှိ လယ်မြေများမှာ စပါးအထွက်နှုန်း အလွန်ကောင်းမွန်ခဲ့ ကြောင်း တောင်သူလယ်သမားများ၏ တင်ပြချက်အရ သိရပါတယ်။ ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် အဆိုပါ ရေငန်တားတာတမံမှာ ပျက်စီးသွားခဲ့ရပြီး တောင်သူလယ်သမားများမှာလည်း နှစ်စဉ်နှစ်တိုင်း ဆားငန်ရေ ဝင်ရောက်ခြင်းနဲ့ အမြဲတမ်း ကြုံတွေ့နေရပါတယ်။ ဝေက်စွယ်ကျွန်းကို ရေငန်တားတာတမံ ဆည်ဖို့လိုက်ပါက စုစုပေါင်းလယ်မြေဧရိယာ(၅၁၂၇.၆၃)ဧကကို ၎င်းကျွန်းပေါ်မှာ ရှိနေသော တောင်သူ လယ်သမားများအဖြစ် ငွေခွင်ဒေကျေးရွာ၊ ဆယ်သုံးတန်ကျေးရွာ၊ ဆားပြင်ကျေးရွာ၊ လက်ပံပြားကျေးရွာများ မှလည်း ဝေက်စွယ်ကျွန်းတွင် လယ်ယာမြေများကို ထွန်ယက်စိုက်ပျိုး လုပ်ကိုင်လျက်ရှိနေကြပါတယ်။

ယနေ့ ပြည်ထောင်စုအစိုးရတွင် နိုင်ငံတော်အတိုင်ပင်ခံ ဦးဆောင်ပြီး ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းထားပြီးလည်း ဖြစ်ပါတယ်။ ရခိုင် ပြည်နယ်ဒေသဖွံ့ဖြိုးရေးအတွက် အဓိကလိုအပ်ချက်မှာ ရေချိုရရှိရေးပင် ဖြစ်ပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ အေးချမ်းရေးနှင့်ပတ်သက်လို့လည်း ကျွန်တော်တို့ ကိုင်တွယ်ရမယ့်ကိစ္စလည်း ရှိပါတယ်။ ၎င်းတောင်သူလယ်သမားများ၏အကျိုးကို ဖော်ဆောင်ရန်မှာ ရေငန်တားတာတမံများ မရှိမဖြစ် ဆည်ဖို့ရမည်ဟု ထင်မြင်သုံးသပ်မိပါတယ်။ ထိုသို့ရေငန်တားတာတမံ ဆည်ဖို့လိုက်မှသာလျှင် ရေငန် ဒီရေများကို အချိန်မီကာကွယ်နိုင်ပြီး မိုးရေများကိုလည်း ရာသီစိုက်ပျိုးရာတွင် စနစ်တကျ ………… (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အချိန်ကုန်သွားပါပြီခင်ဗျား။ ထားလိုက်တော့။

**ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၌ World Bank ၊ ADB သို့မဟုတ် အခြားဘဏ်များ၏ ကူညီထောက်ပံ့ငွေ သို့မဟုတ် ချေးငွေဖြင့် အောက်မြန်မာပြည် စပါးစိုက်ပျိုးမှု တိုးတက်ဖွံ့ဖြိုးရေးစီမံကိန်း (Lower Burma Paddyland Development Project-1976) ကဲ့သို့သော စီမံကိန်းများ အကောင်အထည် ဖော်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် က ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၌ World Bank၊ ADB သို့မဟုတ် အခြားဘဏ်များ၏ ကူညီထောက်ပံ့ငွေ သို့မဟုတ် ချေးငွေဖြင့် အောက်မြန်မာပြည် စိုက်ပျိုးမှု တိုးတက်ဖွံ့ဖြိုးရေးစီမံကိန်း (Lower Burma Paddyland Development Project-1976) ကဲ့သို့သော စီမံကိန်းများ အကောင်အထည်ဖော်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်က ဦးခင်မောင်လတ် ပါ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ ကမ္ဘာကြီးမှာ ရေချိုအရင်းအမြစ်တွေ တဖြည်းဖြည်းရှားပါးလာတဲ့အတွက် အခု ထိန်းသိမ်းနေရပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်ဟာ မိုးကောင်းတဲ့အတွက် ရေချိုအများအပြား ရပါတယ်။ အဲဒီရေချိုတွေဟာ အလဟဿ ပင်လယ်ထဲကို စီးဆင်းသွားတာတွေ ရှိပါတယ်။ တစ်ချိန်တည်းမှာ ကျွန်တော်တို့ ရခိုင်ပြည်နယ်ဟာ ပင်လယ်နဲ့ နီးကပ်နေတဲ့အတွက် ရေငန်ကြီးစိုးမှုတွေ ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ချိန်က မြန်မာနိုင်ငံဟာ အာရှရဲ့ စပါးကျီတစ်ခု ဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက ကျွန်တော်တို့ ရခိုင်ပြည်နယ်ရဲ့ ကုလားတန်မြစ်ဝှမ်းဟာ မြန်မာနိုင်ငံရဲ့ ဒုတိယစပါးကျီ ဖြစ်ပါတယ်။ သို့ပါသော်လည်း အခု ကုလားတန်မြစ်ဝှမ်းရဲ့ မြို့တော်ဖြစ်တဲ့ စစ်တွေမြို့ဟာ နိုင်ငံခြားကို ဆန်စပါး မပို့နိုင်တာ အနှစ်(၃၀)နီးပါးရှိပြီ ဖြစ်ပါတယ်။ ရေချို ရေငန်စီမံကိန်းတစ်ခုကို ဧရာဝတီမြစ်ဝကျွန်းပေါ်မှာ ၁၉၇၆ ခုနှစ်က လုပ်ခဲ့ပါတယ်။ ကမ္ဘာ့ဘဏ်ရဲ့ Lower Burma Paddyland Development Project-1976 ဖြစ်ပါတယ်။ အဲဒီစီမံကိန်းလည်း အောင်မြင်ခဲ့ပါတယ်။ အပိုင်း(၃)ပိုင်းပါ ပါတယ်။ အဲဒီမှာ ရေထိန်းဂိတ်တွေ၊ ရေနုတ်မြောင်းတွေ၊ တာတမံတွေနဲ့ ကျွန်းပတ်တာတမံတွေ ပါဝင်ပါတယ်။ အပိုင်း(၁)ကတော့ ဖျာပုံ၊ ဘိုကလေးမြို့နယ်များ ပါဝင်ပါတယ်။ အပိုင်း(၂)မှာ ဝါးခယ်မ၊ လပွတ္တာမြို့တွေ ပါဝင်ပါတယ်။ အပိုင်း (၃)ကတော့ ကျွန်တော်တို့ ရခိုင်ပင်လယ်ကမ်းခြေအတွက် စီမံကိန်း ဖြစ်ပါတယ်။ ၁၉၇၈ ခုနှစ်မှာ ရခိုင်ပြည်နယ် ပြည်သူ့ကောင်စီရုံးခန်းထဲကို အဲဒီစီမံကိန်း ရောက်ရှိခဲ့ပါတယ်။ နောက်ပိုင်းမှာ နေရာပြောင်းရွှေ့သွားပြီးတော့ ပျောက်ကွယ်သွားတာ ဒီကနေ့အထိပါပဲ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်စီးပွားရေးကို မောင်းနှင်တဲ့ အင်ဂျင်(၃)လုံးရှိပါတယ်။ ပထမအင်ဂျင်က ရေနံနှင့်ဓာတ်ငွေ့ ဖြစ်ပါတယ်။ ဒီ အင်ဂျင်က ရခိုင်ပြည်သူရဲ့ လက်ထဲမှာ ရှိမနေပါဘူး။ နံပါတ်(၂)အင်ဂျင်က ရေလုပ်ငန်းဖြစ်ပါတယ်။ ဒီအင်ဂျင်ကလည်း မောင်းလို့မရတော့ပါဘူး။ ဘာလို့လဲဆိုရင် ပင်လယ်ထဲမှာ ငါးတွေက မရှိတော့ပါဘူး။ နံပါတ်(၃)အင်ဂျင်က ဆန်စပါးထုတ်လုပ်ရေး

ဖြစ်ပါတယ်။ ပြည်သူလူထုလက်ထဲမှာ ရှိပါတယ်။ ဒါပေမဲ့ ဒါဟာ ဟောင်းနွမ်းနေပြီဖြစ်တဲ့အတွက် တစ်ခုလုံးကို ပြန်ပြီးတော့ ပြန်လည်တည်ဆောက်ရမှာ ဖြစ်ပါတယ်။ ရေချို ရေငန် ထိန်းသိမ်းမှုဝေရေး လုပ်ငန်းကို အချိန်ကိုက်လုပ်ကိုင်ခြင်းဖြင့် ဆန်စပါးကို နှစ်သီးစား စိုက်ပျိုးနိုင်ပြီးတော့ ငါး၊ ပုစွန် မွေးမြူရေးကို တိုးချဲ့လုပ်ကိုင်နိုင်ပါတယ်။

အဲဒီလိုမျိုး စီမံကိန်းကို ကျွန်တော်တို့ ပုဏ္ဏားကျွန်းမြို့နယ်မှာ အဆင်သင့်လုပ်လို့ ရနိုင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တည်ငြိမ်မှုနဲ့ဖွံ့ဖြိုးရေးဟာ ဆက်စပ်နေတဲ့အတွက် ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေးဆိုတဲ့ ကော်မတီရှိပါတယ်။ ပြည်ထောင်စုဝန်ကြီး အားလုံးနီးပါးလောက် ပါပါတယ်။ ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးကိုလုပ်မယ်ဆိုရင် ပြည်သူ(၇၅)ရာခိုင်နှုန်း လုပ်ကိုင်နေတဲ့ ဒီလယ်ယာလုပ်ငန်းကိုပဲ ဒီကော်မတီက ဘတ်ဂျက် များများ ချပေးပြီးတော့ ဖောင်းပေး လုပ်ကိုင်ရမှာ ဖြစ်ပါတယ်။ တစ်ခုတည်းသော ဒီအင်ဂျင်ကို မနှိုးလို့ကတော့ ကျွန်တော်တို့ ပြောင်းလဲမှုလည်း ဖြစ်မလာဘူး။ ဆင်းရဲမှုသံသရာကလည်း မလွတ်နိုင်.....။ (ဩဘာသံများ)

**ရှမ်းပြည်နယ်တောင်ပိုင်း၊ ရပ်စောက်မြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇော်မင်းလတ်(ခ) ဦးကိုလတ် က ရှမ်းပြည်နယ်တောင်ပိုင်း၊ ရပ်စောက်မြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးဇော်မင်းလတ်(ခ)ဦးကိုလတ် ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အမှတ်(၁)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇော်မင်းလတ် ဖြစ်ပါတယ်။ ရပ်စောက်မြို့နယ်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနမှ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ အခြေစိုက်ဖွင့်လှစ်ဖို့ အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းမှာ ဖြစ်ပါတယ်။ Power point ဖြင့် တင်ပြခွင့်ပြုဖို့ မေတ္တာရပ်ခံပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်စောက်မြို့နယ်ဟာ ရှမ်းပြည်တောင်ပိုင်း၊ တောင်ကြီးခရိုင်ရဲ့ မြောက်ဘက်အကျဆုံးသောမြို့နယ်ဖြစ်ပြီး အရှေ့နဲ့ အနောက်(၂၈)မိုင်ခန့်နဲ့ တောင်နှင့်မြောက်(၈၃) မိုင်ခန့် ရှည်လျားပြီး ဧရိယာစကေပေါင်း(၁.၃)သန်းကျော် ကျယ်ဝန်းပါတယ်။ ရပ်စောက်မြို့နယ်မှာ ရပ်စောက်မြို့၊ အင်တောမြို့ဆိုတဲ့ မြို့နှစ်မြို့ရှိပြီး ကျေးရွာအုပ်စုပေါင်း(၁၈)အုပ်စုရှိကာ၊ ကျေးရွာပေါင်း (၂၂၉)ရွာ ရှိပါတယ်။ ဓနု၊ ရှမ်း၊ ပလောင်၊ ဗမာ တိုင်းရင်းသားများစွာ အခြေချနေထိုင်ပြီး လူဦးရေ (၁၄၀၀၀၀)ကျော်ရှိတဲ့အနက် သုံးပုံနှစ်ပုံဟာ ကျေးရွာတွေမှာ အခြေချနေထိုင်ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်စောက်မြို့နယ်ရဲ့ ပင်မစီးပွားရေးကတော့ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်ပါတယ်။ စိုက်ပျိုးမြေဧကပေါင်း(၁၂၀၀၀၀)နီးပါးရှိကြောင်း လေ့လာသိရှိရပါတယ်။ ဆန်စပါး၊ ပြောင်း၊

ကြံ၊ နှမ်း စတဲ့အဓိကသီးနှံများအပြင် ကော်ဖီ၊ သရက် စတဲ့ ဥယျာဉ်ခြံစိုက်ပျိုးခြင်းများနဲ့ ဒေသခံများဟာ အသက်မွေးနေကြပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ကတင်ပြခဲ့သလိုပဲ ရပ်စောက်မြို့နယ်ရဲ့ ပင်မစီးပွားရေးဟာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပေမယ့် ဒေသခံတောင်သူများအဖို့ အခြားမြို့နယ်များနည်းတူ လယ်ယာဖွံ့ဖြိုးရေးအတွက် အချိန်နှင့်တစ်ပြေးညီ ငွေကြေးထောက်ပံ့ပေးနိုင်တဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ အခြေစိုက်ထားခြင်း မရှိပါသေးဘူး။ ဒေသခံတောင်သူများအတွက် အမတော်ကြေးဝန်ဆောင်မှုကို ၂၀၀၆ ခုနှစ်မတိုင်မီက ပင်းတယမြို့နယ် လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲက တာဝန်ယူဆောင်ရွက်ခဲ့ပြီး ၂၀၀၆ ခုနှစ်ကနေပြီးတော့ ယနေ့အချိန်အထိ ရပ်စောက်မြို့နယ်ကနေပြီးတော့ (၄၃)မိုင် ကွာဝေးတဲ့ ညောင်ရွှေဘဏ်ခွဲက တာဝန်ယူဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။ ရပ်စောက်မှာ ဘဏ်ခွဲအခြေချထားခြင်း မရှိလို့ ရပ်စောက်မြို့ဒေသ ဘုန်းကြီးကျောင်းမှာ ယာယီစခန်းဖွင့်လှစ်ပြီး အမတော်ကြေး ဝန်ဆောင်မှုကို ညောင်ရွှေဘဏ်ခွဲက တာဝန်ရှိသူတွေဟာ ဒေသခံတောင်သူများအတွက် ဝန်ဆောင်မှုပေးနေရပါတယ်။ ခရီးကွာဝေးတဲ့သီးခြားမြို့နယ်အတွက်ပါ ဝန်ဆောင်မှုပေးနေရခြင်း၊ မြို့နယ်(၂)မြို့နယ်အတွက် စီမံခန့်ခွဲပေးနေရတဲ့ ငွေပမာဏ များပြားခြင်းတို့ကြောင့် ညောင်ရွှေဘဏ်ခွဲက ဝန်ထမ်းတွေအတွက်ရော၊ ရပ်စောက်မြို့နယ် ဒေသခံတောင်သူများအတွက်ရော ရေရှည်မှာအဆင်မပြေနိုင်ပါဘူး။

ယခုလို နိုင်ငံတော်အစိုးရသစ်လက်ထက်မှာ လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ချေးငွေများ ပိုမိုထုတ်ပေးနေလို့ စီမံခန့်ခွဲရတဲ့ ငွေပမာဏ ပိုမိုများပြားလာတာကြောင့် မြို့နယ်(၂)မြို့နယ်အတွက် ဝန်ဆောင်မှုပေးရတဲ့ ညောင်ရွှေဘဏ်ခွဲအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်လာပါတယ်။ ရပ်စောက်မြို့မှာ ကမ္ဘောဇဘဏ်ကဲ့သို့သော ပုဂ္ဂလိကဘဏ်များပင် အခြေစိုက် ဖွင့်လှစ်နေပြီဖြစ်ရာ ယခင်ကဲ့သို့ လုံခြုံရေးအနေအထားတစ်ရပ်ကြောင့် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲ မဖွင့်လှစ်ခြင်းမျိုး မဖြစ်သင့်ပါ။ ဒေသခံတောင်သူများအတွက် အချိန်နှင့်တစ်ပြေးညီ အမတော်ကြေးငွေ ဝန်ဆောင်မှုပေးရန် ရပ်စောက်မြို့နယ်တွင် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲ ဖွင့်လှစ်ရန် မဖြစ်မနေ လိုအပ်နေပါတယ်။ ထို့ကြောင့် ဒေသခံ မဲဆန္ဒရှင် တောင်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ ရပ်စောက်မြို့နယ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ ဖွင့်လှစ်ရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ စလေမှ ရေနံချောင်းမြို့နယ်၊ သုံးဆယ်ခြောက်ကျေးရွာအထိ (၂၁/၇)မိုင် ရှိပြီး ချောက်မြို့နယ်အပိုင်း (၁၆/၇)မိုင်မှာ မြေသားအဆင့် မြှင့်တင်ပြီး ကျောက်ချောလမ်းဖောက်လုပ်ပြီး ဖြစ်သော်လည်း ရေနံချောင်းမြို့နယ် ပင်းဝလမ်းပိုင်း (၅)မိုင်မှာ (၁၂)ပေအကျယ်တစ်ကြောင်းထိုး လမ်းသာဖြစ်သဖြင့် မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း က မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ စလေမှ ရေနံချောင်းမြို့နယ်၊ သုံးဆယ်ခြောက်ကျေးရွာအထိ

(၂၁/၇)မိုင် ရှိပြီး ချောက်မြို့နယ်အပိုင်း (၁၆/၇)မိုင်မှာ မြေသားအဆင့် မြှင့်တင်ပြီး ကျောက်ချောလမ်း ဖောက်လုပ်ပြီး ဖြစ်သော်လည်း ရေနံချောင်းမြို့နယ် ပင်းဝလမ်းပိုင်း (၅)မိုင်မှာ (၁၂)ပေအကျယ် တစ်ကြောင်းထိုး လမ်းသာဖြစ်သဖြင့် မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်ဖောက်လုပ် ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ ဥက္ကဋ္ဌကြီးနဲ့တကွ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ကိုယ်စားပြုထားတဲ့ ချောက်နဲ့ ရေနံချောင်းမြို့နယ်ဟာ ဧရာဝတီမြစ်ကမ်းမှာ တစ်ဆက်တည်း တည်ရှိနေတဲ့ မြို့(၂)မြို့ ဖြစ်ပါတယ်။ ယခင်ကဆိုရင် ချောက်မြို့နယ် စလေရဲ့ အောက်ဘက်က ရွာတွေဟာ ရေနံချောင်းမြို့နယ်ကို ကုန်သွယ် စီးပွားအသက်မွေးဝမ်းကျောင်းအတွက် ဧရာဝတီမြစ်ကြောင်းကနေပြီးတော့ စုန်ဆန်သွားလာပြီးတော့ ဆက်သွယ်ခဲ့ကြရပါတယ်။ ယခုအခါမှာ ဧရာဝတီမြစ်ကြောင်းက မြစ်ကြောင်းလည်း ကောလာတယ်။ သောင်တွေလည်း ထွန်းလာတယ်။ သွားလာရလည်း ခက်ခဲလာတဲ့ အခြေအနေမှာ ရောက်နေပါတယ်။ သို့သော်ငြားလည်း ရေနံချောင်းမြို့နဲ့ ချောက်မြို့နယ်မှာ စလေကနေပြီးတော့ ရေနံချောင်း၊ သုံးဆယ်ခြောက်ကျေးရွာအထိ ရွာ(၁၈)ရွာကို ဖြတ်ပြီးတော့ (၂၁)မိုင်နဲ့ (၇)ဖာလုံရှိတဲ့ လမ်းတစ်လမ်းကို ဖောက်ပြီးနေပါပြီ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီဖောက်ပြီးတဲ့လမ်းမှာ ချောက်မြို့နယ်အပိုင်းမှာဆိုလို့ရှိရင် (၁၆)မိုင်နဲ့(၇)ဖာလုံ ရှိပါတယ်။ အဲဒီ(၁၆)မိုင်နဲ့(၇)ဖာလုံဟာ မြေသားလမ်းအဆင့် မြှင့်တင်ပြီးတဲ့အပြင် ကျောက်ချောလမ်းတောင် ဖောက်လုပ်ပြီး ဖြစ်ပါတယ်။ ရေနံချောင်းမြို့နယ် ကျန်ခဲ့တဲ့(၅)မိုင်ဟာဆိုလို့ ရှိရင် တိုင်းဒေသကြီးရဲ့ ကျေးလက်ဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမွဲတေမှု လျှော့ချရေးရန်ပုံငွေ ကျပ်သန်း(၅၀၀)ကနေ သန်း(၂၀)နဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကနေပြီးတော့ စည်ပင်သာယာအဖွဲ့ကို အပ်နှံ့စနစ်နဲ့ (၁၈)ပေ အကျယ် တစ်ကြောင်းထိုးလမ်း ဖောက်လုပ်ထားပါတယ်။ အဲဒီလမ်းဟာဆိုလို့ရှိရင် ထွန်စက်နဲ့ ဖောက်တဲ့ ထိုးတဲ့ အဆင့်ဆိုတော့ စဉ်းစားကြည့်ပါ။ ထွန်စက်နဲ့တောင် ထိုးပါတယ်ဆိုတော့။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလမ်းဟာ ရေနံချောင်းမြို့နယ်၊ ချောက်မြို့နယ်ရဲ့ အနီးဆုံးမြို့ချင်းဆက် လမ်းလည်း ဖြစ်နေပါတယ်။ အခုလို မြစ်ရေကျဆင်းသွားတဲ့အချိန်မှာ တစ်ကြောင်းထိုးလမ်းဟာလည်း၊ မြစ်ရေလည်း ကျသွားပါပြီ။ တစ်ကြောင်းထိုးလမ်းဟာလည်း မိုးရေကြောင့် ပျက်စီးတဲ့အခြေအနေကို ရောက်နေပါပြီ။ ဒါကြောင့် ကျွန်တော်ပြောခဲ့တဲ့ရွာ (၁၈)ရွာနဲ့ ရေနံချောင်းမြို့နဲ့ ကူးသန်းသွားလာရေး အတော်ပင် အခက်အခဲ ရှိနေတာကို ရင်ဆိုင်နေရပါပြီ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ဖြည့်စွက်ရန်ပုံငွေနဲ့ ရေနံချောင်းမြို့နယ် (၅)မိုင်အပိုင်းကို မြေသားလမ်း အဆင့်မြှင့်တင်ပြီးကျောက်ချောလမ်း ဖောက်လုပ်ပေးနိုင်ခြင်း ရှိ/ မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၆။**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**

။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ဒီနေ့ အမျိုးသားလွှတ်တော်ကို မေးမြန်းလာတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအတွက် မေးမြန်းထားတဲ့ မေးခွန်း(၅)ခွန်းအတွက် ဖြေကြားဖို့ ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့ပထမဦးဆုံး မေးမြန်းထားတဲ့ ရခိုင်ပြည်နယ် အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သန်း ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဖြေကြားရမယ်ဆိုလို့ရှိရင်တော့ ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းကတော့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ အမှတ်(၇)တိုက်နယ်၊ ရတနအုပ်စုနဲ့ ခြံဆွယ် အုပ်စုမှာရှိတဲ့ ကျိုးပေါက်နေတဲ့ တာတမံများကို ဆားငန်ရေမဝင်အောင် သင်းဂနက်ကျွန်တောင်နဲ့ လကွက်တောင်တို့ကို သွယ်တန်းပြီးတော့ ပြည်ထောင်စုဘတ်ဂျက်နဲ့ ဆည်ဖို့ပေးဖို့ အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်ပြီးတော့ မေးထားတဲ့ မေးခွန်း ဖြစ်ပါတယ်။

ဒီမေးခွန်းနဲ့ပတ်သက်ပြီးတော့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဖြေကြားထားသည်မှာ ကျောက်ဖြူမြို့နယ်၊ အမှတ်(၇)တိုက်နယ်၊ ရတနအုပ်စုနှင့် ခြံဆွယ်အုပ်စုရှိ ကျိုးပေါက်နေသော လယ်သမားတာများမှာ ၂၀၁၀ ခုနှစ် ဂီရိ မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးခဲ့ရာ အဆိုပါ လယ်သမားတာ စုစုပေါင်း (၄၃)ခုအား ပြန်လည်ပြုပြင်နိုင်ရေးအတွက် အပိုင်း(၂)ပိုင်းဖြင့် ခွဲခြားဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ အပိုင်း(၁)တွင် သင်းဂနက်ကျွန်တောင်မှ လကွက်တောင်အထိ အလျားပေ(၉၈၀၀) အပိုင်း (၂)တွင် လကွက်တောင်မှ ရွာသဘော်ဆိပ်တောင်အထိ အလျားပေ(၁၆၀၀၀) ဆည်ဖို့ ဆောင်ရွက် ရမည် ဖြစ်၍ အကျယ်(၃၁၉)ပေ ပျမ်းမျှအနက် (၂၀)ပေရှိ မျှားတိန်ချောင်းကို ပိတ်ဆို့ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ရေထုတ်နိုင်ရန်အတွက် အပိုင်း(၁)မှာ (၅ x ၆)ပေ(၃)ပေါက် ကွန်ကရစ်ရေတံခါး(၂)လုံး၊ အပိုင်း(၂)မှာ (၅ x ၆)ပေ(၃)ပေါက် ကွန်ကရစ်ရေတံခါး(၂)လုံး ဆောင်ရွက်ရမည် ဖြစ်ပြီးတော့ ဧရိယာ (၃၉၀၀)ဧကခန့်အား ကာကွယ်ပေးနိုင်မည်ဖြစ်ပါကြောင်းနှင့် လုပ်ငန်းများဆောင်ရွက်နိုင်ရေး အတွက် ၂၀၁၇ -၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ်၊ ပြည်နယ်အစိုးရ ရန်ပုံငွေတွင် တင်ပြတောင်းခံပြီးတော့ ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ်မှာ မူတည်ပြီးတော့ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

ဒုတိယမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ်အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတက်ထွန်းအောင် ရဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ မြောက်ဘက်ခြမ်းမှာ ရှိတဲ့ ငဝက်စွယ်ကျွန်းအား ရေငန်တားတာတမံ အသစ်တစ်ခု ဆည်ဖို့ပေးရန် ပြည်ထောင်စုအစိုးရတွင် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်ပြီးတော့ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရဲ့ကိုယ်စား ဖြေကြားရမယ်ဆိုလို့ ရှိရင်တော့ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ မြောက်ဘက်ခြမ်းမှာ တည်ရှိတဲ့ ငဝက်စွယ်ကျွန်းအား ရေငန်တားတာတမံ အသစ်တစ်ခု ဆည်ဖို့ပေးရန် ဖြစ်မြောက်နိုင်စွမ်း အကြိုကွင်းဆင်းစစ်ဆေးမှု၊ မြေပြင်တိုင်းတာမှု၊ ဒေသန္တရဆိုင်ရာ စူးစမ်းလေ့လာမှု ၊ ခန့်မှန်းကုန်ကျစရိတ် အသေးစိတ် တွက်ချက်မှု နှင့်ရန်ပုံငွေ ရရှိရေးလုပ်ငန်းများ ဆောင်ရွက်ရမည့်အခြေအနေအရ ၂၀၁၆-၂၀၁၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင်

အဆိုပြုလုပ်ငန်းများ ဆောင်ရွက်နိုင်မှု မရှိသေးပါကြောင်းနဲ့ အသေးစိတ် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်မှုများ ပြုလုပ်ပြီးတော့ ဖြစ်မြောက်နိုင်စွမ်းရှိပါက ၂၀၁၇-၂၀၁၈ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ပြည်နယ် အစိုးရရန်ပုံငွေမှာ ဦးစားပေးအလိုက် ထည့်သွင်းတင်ပြပြီးတော့ ရန်ပုံငွေ ရရှိမှုအပေါ်မှာ မူတည် ပြီးတော့ လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။

အမှတ်(၃) မေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ် အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ် ရဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်မှာ World Bank ၊ ADB သို့မဟုတ် အခြားဘဏ်များ၏ ကူညီထောက်ပံ့ငွေ သို့မဟုတ် ချေးငွေဖြင့် အောက်မြန်မာပြည် စပါးစိုက်ပျိုးမှု တိုးတက်ဖွံ့ဖြိုးရေးစီမံကိန်း (Lower Burma Paddyland Development Project-1976) ကဲ့သို့သော စီမံကိန်းများ အကောင်အထည်ဖော်ရန် အစီအစဉ် ရှိ/မရှိ နှင့် ပတ်သက်ပြီး မေးခွန်းကို ဖြေကြားရမယ်ဆိုလို့ရှိရင်တော့ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်း မြို့နယ်သည် ရန်ကုန်-စစ်တွေ ကားလမ်းပေါ်နှင့် ရခိုင်ကုလားတန်မြစ်ဝတွင် တည်ရှိပြီးတော့ မြစ်၊ ချောင်း လက်တက်များ ပေါများသော မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည့်အလျောက် စိုက်ပျိုးမြေများလည်း များပြားသည့် ဒေသတစ်ခု ဖြစ်ပါသည်။

မိုးရာသီတွင် မိုးရေချိန် များပြားစွာ ရွာသွန်းသည့်ဒေသဖြစ်ပြီးတော့ ပင်လယ်ရေငန်နှင့် ထိစပ်နေသော ဧရိယာဖြစ်သောကြောင့် နွေရာသီတွင် ရေငန်ဝင်ရောက်သဖြင့် လယ်မြေများ ထိခိုက် ပျက်စီးလျက်ရှိသည့်အပြင် ရေချိုရှားပါးသောဒေသလည်း ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဘဏ္ဍာနှစ် အလိုက် ရန်ပုံငွေ ရရှိမှုအပေါ်မှာ မူတည်ပြီးတော့ ဒေသလိုအပ်ချက်အရ ဦးစားပေးလုပ်ငန်းများ ရွေးချယ်သတ်မှတ်ပြီးတော့ ဌာနမှ တည်ဆောက်ထိန်းသိမ်းထားတဲ့ ရေငန်တားတာများနှင့် ရေထိန်း တံခါးများကို ပြုပြင်ထိန်းသိမ်းခြင်း၊ ဒေသမှ ထိန်းသိမ်းထားသည့် လယ်သမားတာများကို ပြုပြင်ခြင်း စသည်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ပုဏ္ဏားကျွန်းမြို့နယ်မှာ ရေချိုထိန်းသိမ်း သိုလှောင်ပြီးတော့ သောက်သုံးရေ ပေးဝေနိုင်ရေး အတွက် ခမီးကြိမ်ချောင်းရေလှောင်တမံ တည်ဆောက်ခဲ့သည့်အပြင် တန်ခိုးရေငန်တားတာ၊ မက္ကလာကျ ရေငန်တားတာများကို ပြုပြင်ခြင်း ၊ အထုပ်သည် လယ်သမားတာ၊ ပဒေသာလယ်သမားတာ၊ ဆင်အင်းကြီး လယ်သမားတာများကို ပြုပြင်ခြင်း စသည်တို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။ ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာလည်း တံဘက်လှမ်း လယ်သမားတာ၊ ခမောင်းတောလယ်သမားတာ၊ ကျောက်ဆိပ်ပြင် လယ်သမားတာတို့ကို ဆက်လက်ပြုပြင်ဆောင်ရွက်မည်ဖြစ်ပါသည်။ ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ ပဒေသာချောင်း၊ တောက်တဲ့ချောင်း၊ တန်ခိုးချောင်း နှင့် အိုင်ဒင်ချောင်းများ ဖြတ်သန်းစီးဆင်းနေသော ရပ်ဝန်းမှာ ဧရာဝတီတိုင်းဒေသကြီးအတွင်း ကမ္ဘာ့ဘဏ်အကူအညီဖြင့် ဆောင်ရွက်ခဲ့တဲ့ အောက်မြန်မာပြည် စပါး(၁)(၂) စီမံကိန်းများကဲ့သို့ ဆောင်ရွက်ရန် ကိစ္စနဲ့ပတ်သက်ပြီးတော့ အဆိုပါ ဒေသ၏ စိုက်ပျိုးမြေ တစ်ဆက်တစ်စပ်တည်း တည်ရှိမှုပမာဏ၊ မြစ်၊ချောင်းများ၏ မိုးရာသီနှင့် နွေရာသီတွင် ရေစီးရေလာ နှင့် ဒီရေအတက်အကျကို သိရှိရန် ရေအမှတ်များ စောင့်ကြည့်တိုင်းတာခြင်း စသည့်ဇလဗေဒဆိုင်ရာ အခြေအနေ၊ ကျွန်းပတ်တာများနှင့် ရေတံခါးများ ထည့်သွင်းတည်ဆောက်ရန်အတွက် လိုအပ်သည့်

မြေပြင်အနိမ့်အမြင့် အနေအထားနဲ့ မြေအောက်ဘူမိဗေဒအခြေအနေ စသည်တို့ကို လိုအပ်သလို စူးစမ်းလေ့လာပြီးတဲ့နောက်မှာ ရရှိလာသည့် အချက်အလက်များအရ ဆောင်ရွက်ရန် ဖြစ်မြောက်နိုင်စွမ်း ရှိ/မရှိ၊ စီမံကိန်း ကုန်ကျစရိတ်နှင့် အကျိုးအမြတ် တွက်ခြေကိုက်မှု ရှိ/မရှိ လေ့လာဆန်းစစ်ခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ပါတယ်။ ဆောင်ရွက်ရမည့်လုပ်ငန်း သဘောသဘာဝအရ လုပ်ငန်းပမာဏ ကြီးမားကျယ်ပြန့်မည်ဖြစ်သည့်အတွက် လိုအပ်သည့် စူးစမ်းလေ့လာမှုများကို အနည်းဆုံး (၃)နှစ်ခန့် အချိန်ယူ ဆောင်ရွက်သွားရမည်ဖြစ်ပြီး အမှန်တကယ် အကျိုးဖြစ်ထွန်းမှုရှိသော လုပ်ငန်းဖြစ်ပါက ဒီဇိုင်းပြုစုတွက်ချက်ကာ လိုအပ်ရန်ပုံငွေကို တင်ပြပြီးတော့ နိုင်ငံတော်ဘဏ္ဍာငွေမှ ကျခံ၍ဖြစ်စေ၊ ဖွံ့ဖြိုးပြီး နိုင်ငံများနှင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများထံမှ ငွေကြေးအကူအညီ အထောက်အပံ့များ ရယူ၍ဖြစ်စေ ဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

အမှတ်(၄)မေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းလတ်(ခ) ဦးကိုလတ် ရဲ့ကြယ်ပွင့်ပြ မေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရပ်စောက်မြို့နယ်မှာ လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်ပြီးတော့ ဖြေကြားရမယ်ဆိုလို့ရှိရင် ရပ်စောက်မြို့နယ်ဟာ သွားလာရေး အကန့်အသတ်ရှိသော နယ်မြေ ဖြစ်သည့်အတွက် ယင်းမြို့နယ်မှ တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ငွေ ထုတ်ချေးခြင်း၊ပြန်လည်ပေးဆပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရာမှာ ညောင်ရွှေမြို့နယ် ရှိ မြန်မာ့စီးပွားရေးဘဏ်မှ ထုတ်ချေးပေးမည့်ငွေကို ရပ်စောက်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်သို့ ငွေလွှဲပေးပို့ပြီးတော့ ရပ်စောက်မြို့နယ်အတွင်းရှိ တာဝန်ရှိ အဖွဲ့အစည်းများနှင့် ညှိနှိုင်းသတ်မှတ်ထားသည့် နေရာများ၌ ငွေထုတ်ချေးခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်။

ယင်းကဲ့သို့ ညောင်ရွှေမြို့နယ် လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ရပ်စောက်မြို့နယ်သို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာမှာ လက်ရှိအခြေအနေတွင် လုပ်ငန်းများကို အဆင်ပြေအောင် ဆောင်ရွက်ပေးနိုင်လျက်ရှိသည့် အခြေအနေ ဖြစ်ပါသည်။ ရပ်စောက်မြို့နယ်၌ ၂၀၁၆ ခုနှစ်၊ မိုးစပါး ထုတ်ချေးရာမှာ ကျေးရွာအုပ်စု(၁၈)အုပ်စုမှ တောင်သူပေါင်း(၃၀၂၄)ဦးသို့ ငွေကျပ်(၁၈၃၂)သန်းအား ၂၆-၈-၂၀၁၉ ရက်နေ့မှာ လျာထားချက်အတိုင်း ထုတ်ချေးပေးခဲ့ပြီးဖြစ်ပါတယ်။ ဘဏ်ခွဲအသစ်တစ်ခု ဖွင့်လှစ်မည်ဆိုပါက ဘဏ်ခွဲဖွဲ့စည်းပုံ ရရှိရန် လိုအပ်ခြင်း၊ ဝန်ထမ်းအင်အား စုစုပေါင်း၏ သုံးပုံနှစ်ပုံ အင်အားသာ ခန့်ထားခွင့်ပြုသည့် ကန့်သတ်ချက်ရှိနေခြင်း ရုံးအဆောက်အဦ လိုအပ်ခြင်း၊ ဘတ်ဂျက် ရန်ပုံငွေ လိုအပ်ချက်ရှိခြင်း စသည့် အကန့်အသတ်များလည်း ရှိနေပါသဖြင့်လည်းကောင်း၊ လက်ရှိအခြေအနေအတိုင်း အဆင်ပြေစွာ ထုတ်ချေးပေးနိုင်လျက်ရှိသဖြင့်လည်းကောင်း ၊ လောလောဆယ်တွင် ရပ်စောက်မြို့နယ်ဘဏ်ခွဲအသစ်တစ်ခု ဖွင့်လှစ်ရန် အစီအစဉ် မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

ကျွန်တော်တို့ နောက်ဆုံး မေးခွန်းဖြစ်တဲ့ မကွေးတိုင်းဒေသကြီး အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်ဝင်း ရဲ့ ကြယ်ပွင့်ပြမေးခွန်း ဖြစ်တဲ့ လမ်းတံတားကိစ္စနဲ့ ပတ်သက်ပြီး ဖြေကြားရမယ်ဆိုလို့ရှိရင် မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ သုံးဆယ်ခြောက် -ဂျူပွင်- ချောင်းမကြီး -ပင်းဝလမ်း အရှည်(၅)မိုင်မှာ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး

အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ (၁၂)ပေအကျယ် တစ်ကြောင်းထိုး မြေသားလမ်း ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ လမ်းအကျယ် (၅)မိုင်အား (၁၈)ပေအကျယ် မြေသားလမ်း အဖြစ် အဆင့်မြှင့်ပါက ငွေကျပ်(၉၂.၀၅)သန်း ၊ ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပါက ငွေကျပ် (၃၄၃.၄၀)သန်း ၊ စုစုပေါင်းငွေကျပ် (၄၃၅.၄၅) သန်းခန့် ကုန်ကျမည်ဖြစ်ပြီးတော့ ကျေးရွာ(၄)ရွာ ၊ အိမ်ခြေ (၉၀၄)ရှိ လူဦးရေ(၃၇၇၀)ဦးတို့အား အကျိုးပြုပါမည်။ မကွေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် တစ်တိုင်းလုံးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ၊ ခွင့်ပြုရန်ပုံငွေကျပ်(၉၅၁၆.၂၀၅)သန်း လျာထားပါသည်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ရေနံချောင်းမြို့နယ်မှာရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်အနေဖြင့် တစ်မြို့နယ်လုံး လမ်း တံတားများအတွက် (၃၂၉.၈၀၁)သန်း လျာထားဆောင်ရွက်လျက်ရှိပါသည်။ ပြည်ထောင်စုအဆင့်မှ လမ်း၊ တံတား လုပ်ငန်းများနှင့်ပတ်သက်၍ လမ်းအမျိုးအစား၊ လမ်းအဆင့် သတ်မှတ်ခြင်း၊ လမ်းတံတား စံချိန်စံညွှန်းများ သတ်မှတ်ခြင်း ၊ လမ်းနယ်သတ်မှတ်ခြင်း၊ လမ်းပိုင်ဆိုင်မှု နယ်နိမိတ်သတ်မှတ်ခြင်း နှင့် (Strategy and Investment Plan )ရေးဆွဲရန် စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။ ပြည်ထောင်စု အဆင့် သတ်မှတ်ချက် Criteria နှင့်အညီ ဦးစားပေး ရွေးချယ်ခြင်းများကို ပြည်နယ်၊ တိုင်းဒေသကြီး များမှ သက်ဆိုင်သူအဖွဲ့အစည်းများ အားလုံး ပါဝင်ဆွေးနွေးပြီးတော့ နှစ်တို ၊ နှစ်ရှည်စီမံကိန်း (Master Plan)များ ရေးဆွဲရန် စီမံဆောင်ရွက်လျက်ရှိပါသည်။ ပြည်နယ်၊ တိုင်းဒေသကြီးများမှ နှစ်တို၊ နှစ်ရှည်စီမံကိန်း(Master Plan)အရ ဦးစားပေး ရေးဆွဲတင်ပြလာသည့် လုပ်ငန်းများအပေါ်မှာ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စိစစ်ပြီးတော့ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးမှ မေးမြန်းလာတဲ့ ရေနံချောင်းမြို့နယ်အတွင်းမှာ ရှိတဲ့ သုံးဆယ်ခြောက်- ဂျုပွင်-ချောင်းမကြီး-ပင်းဝလမ်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခြင်း မရှိခဲ့ပါ၍ လတ်တလောဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် နှစ်အလိုက် ပြည်နယ်၊ တိုင်းဒေသကြီး များ၏ ဦးစားပေး လျာထားတင်ပြမှုအပေါ်မှာ မူတည်ပြီးတော့ လျာထားတင်ပြပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန် ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဦးဆန်းမြင့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီး၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) ဥပဒေကြမ်းကော်မတီဝင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆန်းမြင့် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**

**မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/ အမ(ကော်မတီ-၁)၁ /၂၀၁၆ - ၃၂၆
ရက်စွဲ၊ ၂၀၁၆ ခုနှစ် ၊ အောက်တိုဘာလ ၃ ရက်

၁။ ပြည်သူ့လွှတ်တော်က မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို ၂၈-၉-၂၀၁၆ ရက်နေ့မှာ ပြင်ဆင်ချက်များနဲ့ အတည်ပြုပြီး အမျိုးသားလွှတ်တော်မှာ ဆွေးနွေးရန် ပေးပို့လာပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်ပညာရှင်တို့နဲ့ ၃-၁၀-၂၀၁၆ ရက်နေ့မှာ တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို လေ့လာစိစစ်ရာမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနဲ့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေတို့ပါ ပြဋ္ဌာန်းချက်များရဲ့ အားနည်းချက်များအပေါ် အခြေခံပြီး ပြည့်စုံကောင်းမွန်သော ပြဋ္ဌာန်းချက်များဖြစ်လာစေရန်အတွက်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံသူများရဲ့ ယုံကြည်မှုကို ပိုမိုရရှိစေရန်နှင့် ၎င်းတို့မှတစ်ဆင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေရန်ကို ပိုမိုအထောက်အကူဖြစ်လာစေရန်အတွက်လည်းကောင်း၊ နိုင်ငံတကာနှင့် ဒေသတွင်း သဘောတူညီချက်များပါ ပြဋ္ဌာန်းချက်များနှင့် လိုက်လျောညီထွေမှု ရှိစေရန်အတွက်လည်းကောင်း ပိုမိုပြည့်စုံစွာ ပါရှိနေခြင်းတို့ကြောင့် ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်များကို ဆက်လက်အတည်ပြုသင့်ပါကြောင်း လေ့လာတွေ့ရှိရပါတယ်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်း အပေါ် ထပ်မံပြင်ဆင်ဖြည့်စွက်ရန် မရှိပါသဖြင့် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း အမျိုးသား လွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနဲ့ ပတ်သက်ပြီး ၂၀၁၂ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ နိုင်ငံခြား ရင်းနှီး မြှုပ်နှံမှု ဥပဒေနဲ့ ၂၀၁၃ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေတို့ကို ပြဋ္ဌာန်းပြီး ဥပဒေနှစ်ရပ်နဲ့ နိုင်ငံခြားသား၊ နိုင်ငံသား ခွဲခြားပြီး သီးခြားစီ ဆောင်ရွက်လျက် ရှိပါတယ်။ OECD က မြန်မာနိုင်ငံအတွက် Investment Policy Review ပြုလုပ်ခဲ့ရာမှာ "မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ"နှစ်ရပ်မှာ ပြဋ္ဌာန်းချက်များ အတော်များများ ဆင်တူနေခြင်းကြောင့် ဥပဒေနှစ်ရပ် ထားရှိခြင်းထက် ဥပဒေနှစ်ရပ်ပေါင်းပြီး ပိုမိုပြည့်စုံတဲ့ ဥပဒေတစ်ရပ် ပြဋ္ဌာန်း သင့်ကြောင်းနဲ့ အာဆီယံနိုင်ငံများအတွင်းမှာ မြန်မာနိုင်ငံ တစ်နိုင်ငံတည်းသာ ရင်းနှီးမြှုပ်နှံမှုဥပဒေ နှစ်ရပ်ရှိတဲ့နိုင်ငံ ဖြစ်တဲ့အကြောင်း ထောက်ပြခဲ့ပါတယ်။

ရင်းနှီးမြှုပ်နှံမှု ဥပဒေနှစ်ရပ် ပေါင်းစည်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာနဲ့ဒေသတွင်း သဘော တူညီချက်များနဲ့ လိုက်လျောညီထွေဖြစ်ပြီး ရင်းနှီးမြှုပ်နှံသူများအနေနဲ့ ပိုမိုအဆင်ပြေချောမွေ့ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများလည်း ပိုမိုတိုးတက် များပြားလာမှာ ဖြစ်ပါတယ်။

ကျွန်တော်နဲ့ စက်တင်ဘာလ ၂၉ ရက်နေ့က တွေ့ဆုံခဲ့တဲ့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားညီလာခံဥက္ကဋ္ဌကလည်း ဗီယက်နမ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံအတွင်းမှာ အမေရိကန်ဒေါ်လာ သန်း(၇၀၀)ကျော် ရင်းနှီးမြှုပ်နှံ ဆောင်ရွက်လျက်ရှိကြောင်းနဲ့ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှု ဥပဒေများကို ပိုမိုရှင်းလင်းလွယ်ကူအောင် ဆောင်ရွက်ပါက ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ နယ်ပယ် အသီးသီးမှာ အမြောက်အမြား တိုးတက်လာမှာ ဖြစ်ကြောင်းကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ပါတယ်။

တည်ဆဲနိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေမှာ ခွင့်ပြုမိန့်ရရှိရန်အတွက် အဆိုပြုချက်တိုင်းကို ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြရခြင်း၊ နှစ်ရှည် မြေငှားရမ်းခွင့်အတွက် ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ရဲ့ ခွင့်ပြုချက်ရယူရခြင်း၊ အနုညာတ ဖြေရှင်းခြင်း အဆင့်သို့ မရောက်မီ ငြိမ်းချမ်းစွာဖြေရှင်းနိုင်မယ့် နစ်နာမှု ဖြေရှင်းတဲ့ နည်းလမ်းများ မပါရှိခြင်း၊ နိုင်ငံခြားငွေလွှဲပြောင်းနိုင်ခွင့်မှာ ငွေကြေးဆိုင်ရာ ဖော်ပြချက်များ ပြည့်စုံစွာ မပါရှိခြင်း၊ ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ

ပြည့်စုံစွာ မပါရှိခြင်း၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အထောက်အထားများပြားခြင်း၊ ကော်မရှင်ရဲ့ လုပ်ပိုင်ခွင့်အာဏာ များပြားနေခြင်း၊ ဝင်ငွေခွန်ကင်းလွတ်ခွင့် အလိုအလျောက် ရရှိတဲ့အတွက် တိုင်းပြည်ဘဏ္ဍာ နစ်နာခြင်းနဲ့ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ နှစ်ခု ရှိနေတဲ့အတွက် ရင်းနှီးမြှုပ်နှံသူများအနေနဲ့ ခွဲခြားဆက်ဆံတယ်လို့ ထင်မြင်ယူဆခြင်း စတဲ့ အားနည်းချက်တွေ ရှိနေပါတယ်။

ယခု မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းဟာ အားနည်းချက်များကို ပြင်ဆင်ရေးဆွဲထားပြီး ပြည်သူ့လွှတ်တော်ကလည်း ဥပဒေရေးထုံးနဲ့ညီအောင် ပြင်ဆင်ချက်များနဲ့ အတည်ပြုပြီး အမျိုးသားလွှတ်တော်ကို ပေးပို့လာခြင်း ဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်း စီးပွားရေးနယ်ပယ်အသီးသီးမှာ ရင်းနှီးမြှုပ်နှံလိုသူ အများအပြားရှိနေပြီး မြန်မာနိုင်ငံရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ဥပဒေကြမ်းဖြစ်တဲ့အတွက် ဆောလျင်စွာ အတည်ပြုပေးနိုင်ရန် လိုအပ်နေပါတယ်။

ဒါ့ကြောင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ် ဖော်ပြလက်မှတ်ရေးထိုးပြီး ယနေ့ ၁၆း၀၀ နာရီထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးရန်ဖြစ်ပြီး မနက်ဖြန် ဗုဒ္ဓဟူးနေ့မှာ ဥပဒေကြမ်းနဲ့ စပ်လျဉ်း၍ ဆွေးနွေးကြရန်ဖြစ်ကြောင်း ကြိုတင်အသိပေးလိုပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၄၃)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၄၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၄၃)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၅ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့ကို ၁၁း၄၇ နာရီအချိန်တွင် ရပ်နားပါသည်။]